EMReF Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၇၂

ဖေဖော်ဝါရီ ၅ ရက်၊ ၂၀၁၉

## ကချင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေးတွင် ကန့်ကွက်မှုတစ်ခုကြောင့် ရပ်ဆိုင်း

**ဇန်နဝါရီ ၂၉၊ ၂၀၁၈**

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းနိုင်ရေး အရေးပေါ်ခေါ်ယူသည့်အစည်းအဝေးကို ယမန်နေ့က ကျင်းပရာ ဝန်ကြီးဌာနပြင်ဆင်ဖွဲ့စည်းနိုင်ရေးသည် ပြည်နယ်ဝန်ကြီးချုပ်၏ လုပ်ပိုင်ခွင့်မဟုတ်ဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကန့်ကွက်၍ အစည်းအဝေးကို ရပ်ဆိုင်းခဲ့သည်။

ရာထူးမှနုတ်ထွက်ကြသဖြင့် လစ်လပ်နေသော ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးသုံးနေရာကို အစားထိုးခန့်အပ်ရန်နှင့် ဝန်ကြီးဌာနတစ်ခုတိုးချဲ့ရန် ကချင်ပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အစည်းအဝေး ပထမနေ့ (ဇန်နဝါရီ ၂၈)တွင်ပင် လွှတ်တော်အတွင်း ပွတ်တိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ ပုဒ်မခွဲ (ဂ) အပိုဒ်ခွဲငယ် (၁) အရ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းနိုင်ရန် လွှတ်တော်သို့တင်သွင်းခြင်းနှင့် လွှတ်တော်ဆန္ဒခံယူခြင်းဟုဆိုကာ ကချင်ပြည်နယ်ဝန်ကြီးချုပ်က လွှတ်တော်သို့ ပေးပို့သောအ ချက်ကို ဆွေးနွေးခဲ့သည်။ ဝန်ကြီးချုပ်က ပေးပို့သောစာတွင် ကချင်ပြည်နယ် လမ်းပန်း၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနကို ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဟူ၍ ခွဲထုတ်ဖွဲ့စည်းရန်ပါဝင်ပြီး ယင်းအချက်သည် အခြေခံဥပဒေနှင့်မညီဘဲ ပြည်နယ်ဝန်ကြီးချုပ်၏ လုပ်ပိုင်ခွင့် မဟုတ်ဟုဆိုကာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း (တနိုင်း-၂) က ကန့်ကွက်ခြင်းဖြစ်သည်။

"ဝန်ကြီးဌာန ခွဲခြင်း၊ မခွဲခြင်းကို ကျွန်တော်တို့မပြောလိုပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးဌာန ပြင်ဆင်ဖြည့်စွက်ခြင်းကို ဝန်ကြီးချုပ်ကို လုပ်ပိုင်ခွင့်ပေးမထားပါဘူး" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဇော်ဝင်းက အခြေခံဥပဒေစာအုပ်ကိုကိုင်ကာ လွှတ်တော်အတွင်း ဆွေးနွေးခဲ့သည်။


ဓာတ်ပုံ- lprd-kachin

၎င်းက ဆက်လက်၍ "နိုင်ငံတော်သမ္မတရဲ့လုပ်ပိုင်ခွင့်ကို ဝန်ကြီးချုပ်က အတင်းအဓမ္မဆွဲယူလုပ်ဆောင်ခြင်းကို ကျွန်တော်တို့ခွင့်ပြုပေးလိုက်မယ်၊ အတည်ပြုပေးလိုက်မယ်ဆိုရင် လုံးဝ လုံးဝမဖြစ်နိုင်ပါဘူးလို့ ကျွန်တော် ဆွေးနွေးလိုပါတယ်"ဟု ပြောကြားခဲ့သည်။

ဦးဇော်ဝင်းက ကန့်ကွက်ပြီးနောက် အစည်းအဝေးပထမနေ့ကို ရပ်နားကြောင်း လွှတ်တော် ဥက္ကဋ္ဌဦးထွန်းတင်က ကြေညာခဲ့သည်။ ယင်းမှာ သမ္မတထံမှ သဝဏ်လွှာမရောက်မချင်း အစည်းအဝေးကို ဆိုင်းငံ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းနိုင်ရေး လွှတ်တော်က အတည်ပြုရန်သည် အခြေခံဥပဒေအရ သမ္မတကသာ ညွှန်ကြားနိုင်ခွင့်ရှိ၍ သမ္မတ၏သဝဏ်လွှာကို တောင်းခံခဲ့ခြင်းလည်းဖြစ်သည်။ ယင်းအချက်ကို ကချင်ပြည်နယ်လွှတ်တော်အတွင်း တရားဝင်မဆွေးနွေးမီမှာပင် ဥပဒေအရ လွဲချော်နေကြောင်း ပြည်နယ်ဝန်ကြီးချုပ်ကို ပြောကြားခဲ့သော်လည်းနားမထောင်ခဲ့ဟု အမည်မဖော်လိုသော လွှတ်တော်ကိုယ်စားလှယ်အချို့က ပြောသည်။ ကန့်ကွက်မည့်သူ ရှိလာမည်မဟုတ်ဟု ယူဆခဲ့ပုံရကြောင်း ဝန်ကြီးချုပ်အပေါ် မှတ်ချက်ပြုကြသည်။

"ကျွန်တော်တို့ လွှတ်တော်ကတော့ အစိုးရအဖွဲ့ကို ထိန်းကျောင်းတဲ့အဖွဲ့ဆိုတော့ လုပ်ထုံးလုပ်နည်းနဲ့မညီရင်တော့ ကျွန်တော်တို့မှာ တာဝန်ရှိလို့ တာဝန်အရပြောတာပါ။ အစိုးရကို ချစ်ခြင်း၊ မုန်းခြင်းနဲ့ပြောတာ မဟုတ်ပါဘူး"ဟု ဦးဇော်ဝင်းက ပြောသည်။

(ကိုးကား-http://7daydaily.com)

# သတင်းတို

● မန္တလေးတိုင်းလွှတ်တော်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဝင်ရောက်ကြည့်ရှုနိုင်မည့် လွှတ်တော်ဝက်ဘ်ဆိုက်အား ဖေဖော်ဝါရီလအတွင်း လွှင့်တင်ရန် စီစဉ်နေကြောင်း သိရသည်။ www.mandalayregionhluttaw.gov.com.mm ဟု အမည်ပေးထားသည့် ယင်းဝက်ဘ်ဆိုက်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးအကျဉ်းများ၊ မေးခွန်းများနှင့်အဆိုပြုချက်များ၊ နေ့စဉ်ဆွေးနွေးမှုများ၊ လွှတ်တော်မှ ရေးရာကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ စသည့်အချက်အလက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝင်ရောက်ကြည့်ရှုနိုင်စေရန်နှင့် လွှတ်တော်ရေးရာကော်မတီများ၏ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများနှင့် အစီအရင်ခံစာတင်သွင်းမှုများပါ ထည့်သွင်းဖော်ပြပေးမည်ဖြစ်ကြောင်း သိရသည်။

**(ကိုးကား-http://7daydaily.com)**

● ဧရာဝတီတိုင်းဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဦးစံမင်းအောင် ဒုဥက္ကဋ္ဌတာဝန်မှ နုတ်ထွက်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ဇန်နဝါရီ ၃၀ ရက်က အတည်ပြုပြောကြားခဲ့သည်။ ဧရာဝတီတိုင်းလွှတ်တော်၌ အသုံးပြုမည့်ကားဝယ်ယူမှုတွင် အလွဲသုံးစားမှုကျူးလွန်သည်ဆိုကာ ဦးစံမင်းအောင်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ဇန်နဝါရီ ၁၃ ရက်တွင် ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဆက်ရှိနေမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။ တစ်ချိန်တည်းတွင် ဘိုကလေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံမင်းအောင်နှင့်ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားစာ ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ယင်းတိုင်ကြားစာကို ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေကို မကြာမီရက်ပိုင်းအတွင်း ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

**(ကိုးကား-http://7daydaily.com)**



# ရှမ်းလွှတ်တော်တွင် ပြည်တွင်းစစ်မီးအဆုံးသတ်ရေး မေးခွန်းများ၊ တပ်မတော်နှင့်ပတ်သက်သည်များ မေးမြန်းခွင့်မရဟုဆို

**ဒီဇင်ဘာ ၂၈၊ ၂၀၁၈**

ရှမ်းပြည်နယ်လွှတ်တော်တွင် ပြည်သူလူထု၏ဘဝလုံခြုံရေးအတွက် အဓိကလိုအပ်သည့် ပြည်တွင်းစစ်မီးအဆုံးသတ်ရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများကိုမေးမြန်းနိုင်ရန် တင်ပြခဲ့သော်လည်း တပ်မတော်နှင့်ပတ်သက်သည့်မေးခွန်းများ မေးမြန်းခွင့်မရခဲ့ကြောင်း ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံ (မိုင်းကိုင်-၂) က ပြောသည်။

စိုင်းလုံမှ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းအနေဖြင့် မေးမြန်းလိုသည့်အချက်များကို လွှတ်တော်ဥက္ကဋ္ဌထံတင်ပြခဲ့ရာတွင် တရားခံတစ်ဦးအား ရဲမှ စတင်ဖမ်းဆီးသည့်နေ့မှစ၍ တရားသူကြီးအမိန့်ချမှတ်သည့်နေ့အထိ ချုပ်ရက်ကာလများသည် ကျခံရမည့် ထောင်ဒဏ်ကာလတွင် အကျုံးဝင်သည်ဟု သိရှိထားပါကြောင်းနှင့် အကယ်၍ တပ်မတော်စစ်ကြောင်းမှ ကာလရှည်ကြာစွာဖမ်းဆီးပြီးမှ ရဲတပ်ဖွဲ့အား လာရောက်အပ်နှံသောအခါ တပ်မတော်စစ်ကြောင်းမှ ဖမ်းဆီးချုပ်နှောင်ထားသည့်ကာလသည် ရဲစခန်းချုပ်ရက်နည်းတူ ကျခံသင့်သော ထောင်ဒဏ်ကာလတွင် အကျုံးဝင်ခြင်း ရှိ မရှိ၊ တပ်မတော်မှ ပြည်သူများအား ရက်အကန့်အသတ်မရှိ ကြာရှည်စွာဖမ်းဆီးချုပ်နှောင်ခွင့် ရှိ/မရှိနှင့် အချိန်ကာလမည်မျှအထိ ဖမ်းဆီးချုပ်နှောင်ခွင့်ရှိသည်ကို သိရှိလိုကြောင်း မေးခွန်းမေးမြန်းခဲ့ရာ လွှတ်တော်ဥက္ကဋ္ဌမှ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၈ တွင် ရှမ်းပြည်နယ်အစိုးရအားမေးမြန်းထားသော မေးခွန်းတစ်ရပ်သည် ရှမ်းပြည်နယ်အစိုးရက ဆောင်ရွက်ရသော အများပြည်သူကိစ္စများနှင့်စပ်လျဉ်းစေရမည်သို့မဟုတ် ရှမ်းပြည်နယ်အစိုးရကတာဝန်ခံထားသောအုပ်ချုပ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်ဟု ပြဋ္ဌာန်းထားပါသဖြင့် ယင်းမေးခွန်းအား ပြည်ထောင်စုအဆင့်တွင်သာ မေးမြန်းသင့်ကြောင်း စာဖြင့်အကြောင်းပြန်ကြားခဲ့သည်ဟု သိရသည်။

မိုင်းကိုင်မြို့နယ်တွင် တရားမဝင်စကားပြောစက်ကိုင်ဆောင်မှုဖြင့် နယ်မြေခံတပ်တစ်တပ်မှ ၃ လ ခန့်ချုပ်နှောင်ခဲ့သည့်ဖြစ်စဉ်တွင် အဆိုပါသူအား တည်ဆဲဥပဒေများအရ အကျိုးခံစားခွင့် ရှိ/မရှိကို အများပြည်သူကသိလိုသဖြင့် ပြည်နယ်လွှတ်တော်တွင် မေးခွန်းမေးမြန်းရန် တင်ပြရခြင်းဖြစ်ကြောင်း၊ မဲဆန္ဒနယ်မြေအတွင်းဖြစ်ပွားမှုကို ပြည်နယ်အဆင့်အနေဖြင့် တင်ပြခွင့်မရဘဲ ယခုကဲ့သို့ လွှဲပြောင်းမေးရန် လမ်းညွှန်လာခြင်းမျိုးမှာ လူထုအတွက် အဖြေမရှိသလို၊ လူထုအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးပမ်းဆောင်ရွက်နေမှုကို သိရှိနိုင်မည် မဟုတ်ကြောင်း ဦးစိုင်းလုံက ဆက်လက်ပြောကြားခဲ့သည်။ အလားတူ မေးခွန်းမျိုးကိုပင် မေးမြန်းခွင့်မရခဲ့သည့် အခြားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များလည်း ရှိခဲ့ကြောင်း ဦးစိုင်းလုံက ပြောကြားခဲ့သည်။

**(ကိုးကား-www.kanbawzatainews.com)**

# လစ်လပ်နေသည့် ဝန်ကြီး ၃ ဦးနေရာအတွက် ခန့်ထားမှု ကချင်လွှတ်တော် အတည်ပြု

**ဇန်နဝါရီ ၃၁၊ ၂၀၁၉**

ကချင်ပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်နေသည့် ဝန်ကြီး ၃ နေရာအတွက် NLD ပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃ ဦး၏ အမည်စာရင်းကိုတင်သွင်းရာတွင် ဇန်နဝါရီ ၃၀ ရက်နေ့ကကျင်းပသော ကချင်ပြည်နယ် လွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုလိုက်သည်။



ဦးဒါရှီလဆိုင်း၊ ဦးကျော်ကျော်ဝင်းနှင့် ဦးနော်လီတို့ကို တွေ့ရစဉ်။ ဓာတ်ပုံ- Elizabeth/ RFA

စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကျော်ကျော်ဝင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးလဆိုင်းတို့ကို အသစ်ခန့်အပ်တာဝန်ပေးခဲ့ပြီး ကချင်ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်ယာရေးဝန်ကြီးဌာနဝန်ကြီး ဦးနေဝင်းကို ပြောင်းလဲတာဝန်ပေးအပ်ခဲ့သည်။ စည်ပင်သာယာရေးဝန်ကြီးအဖြစ် ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်ကို အသစ်ခန့်အပ်ခဲ့သည်။

ဇန်နဝါရီ ၁၈ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဖုန်းဖြင့်ဆက်သွယ်ကာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်မှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြသိန်း၊ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင် ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်တို့ တာဝန်မှနုတ်ထွက်ကြောင်း အမြန်ဆုံး စာတင်ပေးရန် ညွှန်ကြားခဲ့သည်ဟု သိရှိရသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်း၊ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်တို့က နုတ်ထွက်စာတင်ခဲ့၍ ဇန်နဝါရီ ၂၂ ရက်တွင် နိုင်ငံတော်သမ္မတက ပြည်နယ်ဝန်ကြီးရာထူးများမှ နုတ်ထွက်ခွင့်ပေးခဲ့သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလှအောင်မှာ ညွှန်ကြားချက်အတိုင်း နုတ်ထွက်စာတင်ခြင်းမရှိသော်လည်း နိုင်ငံတော်သမ္မတက တာဝန်မှရပ်စဲခဲ့သည့်အတွက် စုစုပေါင်း ဝန်ကြီး ၃ နေရာ လစ်လပ်ခဲ့ခြင်းဖြစ်သည်။

**(ကိုးကား- https://myanmar.mmtimes.com/ www.rfa.org )**

# ပြည်မြို့တွင် မြေယာခွန်ဥပဒေမူကြမ်းနှင့်ပတ်သက်၍ ဆွေးနွေးပွဲကျင်းပခဲ့

**ဇန်နဝါရီ ၂၈၊ ၂၀၁၉**

ပြည်မြို့ ခေတ္တရာမြို့တော်ခန်းမတွင် ဇန်နဝါရီ ၂၆ ရက်က ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ မြေယာခွန်ဥပဒေမူကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသည် မြေယာခွန်ဥပဒေမူကြမ်းနှင့် ပတ်သက်ပြီး ပြည်သူ့အသံကြားနာသည့် ဆွေးနွေးပွဲဖြစ်ပြီး ခေတ်နှင့်လျော်ညီသော အခွန်နှုန်းများဖြစ်ရန်၊ မြေယာခွန်ဥပဒေနှင့်အညီ တိုင်းဒေသကြီးအတွက် ရသင့်ရထိုက်သော အခွန်ရရန်နှင့် ယင်းအခွန်ငွေများဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ဆွေးနွေးခြင်းဖြစ်သည်။

"ဆွေးနွေးပွဲရဲ့ အကြံပြုချက်တွေကို မှတ်တမ်းတင်ထားမယ်။ ကော်မတီကနေ ပြန်လည်သုံးသပ်ဆွေးနွေးပြီး အနီးစပ်ဆုံး လွှတ်တော်ပုံမှန်အစည်းအဝေးမှာ ဥပဒေပြင်ဆင်ချက်အဆိုတွေကို တင်သွင်းမယ်။ ပြည်သူ့ဆန္ဒနဲ့အညီဖြစ်တဲ့ ဥပဒေကောင်းတစ်ရပ်ပေါ်ထွန်းပြီး အမြန်ဆုံး အတည်ပြုပြဌာန်းနိုင်ဖို့ ဆောင်ရွက်သွားမှာပါ"ဟု တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေကြမ်းကော်မတီမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်က ဆိုသည်။

ယခင်က မြေယာခွန်ကောက်ခံရာတွင် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ၊ ကိုင်း/ကျွန်း မြေ၊ ဓနိမြေ၊ တောင်ယာမြေ၊ ကြက်ပေါင်စေးမြေဟု မြေအတန်းအစားအလိုက် တစ်ဧကလျှင်အများဆုံး ၂၂ ကျပ်သာ ရှိသော်လည်း ယခု မြေယာခွန်ဥပဒေမူကြမ်း၌ တစ်ဧကလျှင် အများဆုံး ကျပ် ၃,၀၀၀ ရှိကြောင်း ဆွေးနွေးပွဲတက်ရောက်လာသူ ပြည်ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

ဆွေးနွေးပွဲတွင် လယ်ယာမြေပုံစံ ပိုင်ဆိုင်မှုများနှင့်ပတ်သက်ပြီး မြေစာရင်းဌာနက ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဖြစ်သင့်သည့် အခွန်နှုန်းထားများကို အကြံပြုခြင်းနှင့် မြေယာပိုင်ဆိုင်သူများက တိကျစွာ အခွန်ဆောင်ရန် အဓိကထား ဆွေးနွေးခဲ့သည်။

**(ကိုးကား-http://7daydaily.com)**